စက်တင်ဘာ ဆန္ဒပြပွဲသတင်းများကို အင်တာနက်တွင်ဖော်ပြခဲ့သူတစ်ဦး ကမ္ဘာ့ဘလော့ဂ်ပြိုင်ပွဲတွင် အထူးဆုရ
၁၈ နိုဝင်ဘာ ၂၀၀၇

ဂျာမဏီနိုင်ငံ ဘာလင်မြို့မှာပြုလုပ်တဲ့ ကမ္ဘာ့ ဘလော့ဂ် (Blog) ပြိုင်ပွဲကြီးကနေ အကောင်းဆုံးဆုတွေ ရွေးချယ်ကြရာမှာ မြန်မာနိုင်ငံမှာ စက်တင်ဘာသံဃာတွေရဲ့ဆန္ဒပြမှုတွေကို အထူးဖော်ပြခဲ့တဲ့ Jotman.blogspot.com ကို နယ်ခြားမဲ့သတင်းထောက်အဖွဲ့ RSF ကနေ အထူးဆုအဖြစ် ရွေးချယ်ပေးလိုက်ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ Jotman Web blogger နဲ့ ဆက်သွယ်မေးမြန်းထားတာကို ဦးသားညွန့်ဦးက တင်ပြထားပါတယ်။

Jotman.blogspot.com ကို ဖန်တီးသူကတော့ အခု အာရှနိုင်ငံတစ်ခုမှာ ရောက်နေပေမယ့်၊ သူ့ရဲ့ အမည်ကိုရော သူဘယ်နိုင်ငံကလည်းဆိုတာကိုပါ မပြောလိုပါဘူးတဲ့။ ဒီတော့ သူ့ကို မစ္စတာ ဂျော့ဒ်မန်း (Mr. Jotman) လို့ ကျနော်တို့ ခေါ်လိုက်ပါမယ်။

သူဟာ တကယ်တော့ မြန်မာနိုင်ငံနဲ့ရော ဗုဒ္ဓဘာသာနဲ့ အစိမ်းသက်သက် မဟုတ်ပါဘူး။ မြန်မာနိုင်ငံနဲ့ သူ ဘယ်လို ပတ်သက်မိသလဲဆိုတာကို အခုလို သူက ရှင်းပြပါတယ်။ –

> "ကျနော်ဟာ မြန်မာဘုန်းတော်ကြီးတစ်ပါးထံကနေ ဝိပဿနာကမ္မဋ္ဌာန်းရှုနည်းတွေကို လေ့လာသင်ကြားဖူးပါတယ်။ မြန်မာနိုင်ငံတွင်းက ဗုဒ္ဓဘာသာရဲ့ သင်ကြားမှုတွေနဲ့ မြန်မာဗုဒ္ဓဘာသာ အလေ့အထတွေကို အင်မတန် ကြည်ညိုမိပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာကို နှစ်ပေါင်း ၂ ထောင်ကျော်ကြာအောင် ထိန်းသိမ်းလာခဲ့တဲ့အပေါ် အင်မတန်ကို လေးစားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရဟန်းသံဃာတွေ ဆန္ဒပြကြတော့ ကျနော့် နှလုံးသားက ဒီရဟန်းတွေနဲ့အတူ တသားတည်းရှိခဲ့ပါတယ်။ သူတို့ကို ကျနော် ထောက်ခံပါတယ်။"

ဒါဆိုရင် အခု ဒီ ဘလော့ဂ်မှာ မြန်မာနိုင်ငံမှာ မကြာခင်က စက်တင်ဘာလအတွင်းကဖြစ်ခဲ့တဲ့ သံဃာတွေ လှုပ်ရှားမှုကို အလေးပေး ဖော်ပြထားတယ်ဆိုတော့ ဘာသာရေးရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာလားလို့ ကျနော် မေးကြည့်ပါတယ်။

> "ကျနော့်ရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘာသာနဲ့ပတ်သက်တာထက် မြန်မာလူမျိုးတွေ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတာကို ဖော်ပြချင်တာပါ။ ဗုဒ္ဓဘာသာနဲ့ ဆက်နွယ်တာကိုကြည့်မယ်ဆိုလည်း ဗုဒ္ဓဘာသာမှာ အခြားဘာသာတွေလိုပဲ လူ့အခွင့်အရေးကို လေးစားရမယ်ဆိုတာရှိပါတယ်။ ဒါပေမယ့် ကျနော့် ဝက်ဆိုဒ်မှာ အဓိကရည်ညွှန်းတာကတော့ မြန်မာလူမျိုးတွေ လူ့အခွင့်အရေးချိုးဖောက်ခံနေရတယ် ဆိုတာပါ။ ဘာသာရေးနဲ့မပတ်သက်ပါဘူး။ မြန်မာနိုင်ငံနဲ့ ကျနော်ဆက်စပ်မိတာကတော့ မြန်မာဘုန်းတော်ကြီးထံကနေ ဝိပဿနာကျင့်နည်းကိုလေ့လာပြီး မြန်မာဗုဒ္ဓဘာသာကို သင်ယူခဲ့တာပါ။"

မစ္စတာ ဂျော့ဒ်မန်း ဟာ မြန်မာနိုင်ငံကိုလည်း ရောက်ဖူးသူပါတဲ့။ မြန်မာလူမျိုးတွေရဲ့ ဓလေ့၊ မြန်မာ သူငယ်ချင်းတွေရဲ့ဖော်ရွေမှုကို သူတစ်သက်မမေ့ပါဘူးတဲ့။ မြန်မာလူမျိုးဟာ သူ့အနှစ်သက်ဆုံးလူမျိုးပါတဲ့။ ဒါပေမယ့် စက်တင်ဘာ၊ အောက်တိုဘာ ဆန္ဒပြမှုတွေဖြစ်တော့ မစ္စတာ ဂျော့ဒ်မန်းက ရန်ကုန်မှာရှိနေတာတော့ မဟုတ်ပါဘူး။ အိမ်နီးချင်း ထိုင်းမှာရောက်နေပါတယ်တဲ့။ ဒီတော့ မြန်မာနိုင်ငံက ဆန္ဒပြပွဲနေ့စဉ်သတင်းတွေကို ဘယ်လိုများ စုဆောင်းခဲ့သလဲ မေးကြည့်ပါတယ်။

> "ဝက်ဆိုဒ်အတော်များကနေ သတင်းတွေယူခဲ့တာပါ။ မြန်မာဘလော့ဂ်ဆိုဒ်တွေကနေ ယူပါတယ်။ ရော့ဝတီ၊ မဇ္ဈိမသတင်းဌာနတွေနဲ့ အခြား အနောက်နိုင်ငံ သတင်းဌာနတွေကနေ သတင်းတွေယူပါတယ်။ ဆန္ဒပြပွဲကာလ နေ့စဉ်ဖြစ်ပျက်တာတွေကို သတင်းဌာနအတော်များများ လွှင့်ထုတ်တာတွေ ဖော်ပြတာတွေ စုဆောင်းပြီး နေ့စဉ်လိုလို ဘန်ကောက်ကနေ သတင်းတွေတင်ပါတယ်။ ဒါကြောင့် မြောက်အမေရိကတိုက် ဖက်ရော ကမ္ဘာ့နေရာအတော်များများက လူတွေအနေနဲ့ အဲဒီကနေ ဘာဖြစ်သလဲဆိုတာကို အချိန်နဲ့အမျှ ကြည့်ရှုနိုင်ခဲ့ပါတယ်။"

မစ္စတာ ဂျော့ဒ်မန်း ဟာ ဒီမတိုင်ခင်တစ်နှစ် လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ် စက်တင်ဘာလတုန်းကတော့ ထိုင်းနိုင်ငံ စစ်တပ်က အာဏာသိမ်းမှုဖြစ်စဉ်မှာ ကိုယ်တိုင် ဘန်ကောက်မှာရှိနေတာကြောင့် ညသန်းခေါင်းကြီး အင်တာဗျူးတွေ လုပ် ဝက်ဆိုဒ်ပေါ် သတင်းတင်တာတွေ လုပ်ခဲ့ပါတယ်လို့ဆိုပါတယ်။ ဒါကြောင့် သူ့ကို citizen journalist သတင်း ဖြန့်ချိမှုပိုင်းမှာ သာမန်ပြည်သူတစ်ဦးအနေနဲ့ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ပါဝင်နေသူလို့ဆိုရမှာပါ။ အခုတော့ သူ့ရဲ့ ဘလော့ဂ်ကို နိုဝင်ဘာ ၁၅ ရက်နေ့ ဂျာမဏီနိုင်ငံ ဘာလင်မြို့မှာလုပ်တဲ့ ကမ္ဘာ့ ဘလော့ဂ်ပြိုင်ပွဲကြီးမှာ အထူးဆု အဖြစ် အရွေးချယ်ခံလိုက်ရပါပြီ။

*ဘယ်လိုများ ခံစားမိသလဲ မစ္စတာ ဂျော့ဒ်မန်း ရေ ဆိုပါဦးဗျ။ –*

> "ဒီဆုရတဲ့အတွက် ကျနော် ဝမ်းသာပါတယ်။ ဒီအတွက် မြန်မာနိုင်ငံက အခြေအနေတွေကို အများက အာရုံစိုက်လာဖို့ဖြစ်လာမှာပါ။ ဒီဆု ကျနော်ရတဲ့အတွက် လူတွေက ကျနော့် ဘလော့ဂ်မှာ မြန်မာနိုင်ငံအကြောင်း ဘာတွေ ရေးထားလဲဆိုတာ လာကြည့်ကြမယ်လေ။"

ဂျာမဏီနိုင်ငံ ဘာလင်မှာလုပ်ခဲ့တဲ့ ကမ္ဘာ့ အကောင်းဆုံးဘလော့ဂ်ပြိုင်ပွဲဟာ ဒီနှစ်ဆိုရင် ၄ နှစ်ရှိသွားပါပြီ။ ကမကထ လုပ်တဲ့အထဲ RSF နယ်ခြားမဲ့သတင်းထောက်များအဖွဲ့လည်း ပါပါတယ်။ ဒီနှစ်မှာတော့ ပြိုင်ပွဲဝင်သူ ၇ ထောင်ကျော်ရှိတယ်လို့ သိရပါတယ်။